မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ

July 18 , 2025 | Volume 92, Number 14

၁၈. ၇.၂၀၂၅

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၄၃.၇၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၃၆.၀၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၂၁.၅၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၆၈.၅၇ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၂.၅၈ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၃၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၀.၉၀ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၉၄.၆၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၄.၈၆ ကျပ် |

## ၃ လအတွင်း ရေထွက်ကုန်တန်ချိန် ၈၀၀၀၀ ကျော်တင်ပို့



ယခု ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပထမသုံးလပတ်အတွင်း ပြည်ပကို ရေထွက်ကုန် တန်ချိန် ၈၀,၀၀၀ တင်ပို့မှုမှ ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၁၀၀ ကျော် ရရှိထားတယ်လို့ ငါးလုပ်ငန်းဦးစီးဌာနက သိရပါတယ်။

အခု ဘဏ္ဍာနှစ် ဧပြီလကနေ ဇွန်လအထိ ပင်လယ်ရေကြောင်းနဲ့ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းတွေကနေ မြန်မာ့ရေထွက်ကုန် မက်ထရစ်တန်ချိန် ၈၂,၇၇၃ တင်ပို့ခဲ့ပြီး ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၁၉ ဒသမ ၆၀၁ သန်း ရရှိခဲ့တာပါ။

ပြည်ပဈေးကွက်တွေမှာ ဈေးကွက်ယှဉ်ပြိုင်မှုလျော့နေတာနဲ့ ပြည်တွင်းမှာ သဘာဝဘေးအန္တရာယ်ကျရောက်မှု အခြေအနေတွေ အပါအဝင်အကြောင်းအမျိုးမျိုးကြောင့် အခုနှစ်မှာ ရေထွက်ကုန်တင်ပို့မှုက ပြီးခဲ့တဲ့ ဘဏ္ဍာနှစ် ကာလတူနဲ့ယှဉ်ရင် အနည်းငယ်လျော့တယ်လို့ ငါးလုပ်ငန်းဦးစီးဌာနဒုတိယညွှန်ကြားရေးမှူးချုပ်ဦးမြင့်ဇင်ထူးကပြောပါတယ်။

လာမဲ့စက်တင်ဘာ၊ အောက်တိုဘာ၊ နိုဝင်ဘာနဲ့ ဒီဇင်ဘာလတွေမှာ ပိုမိုတိုးမြှင့်ထုတ်လုပ်တင်ပို့ပြီးလျာထားချက်ပြည့်မီအောင်ဆောင်ရွက်သွားမယ်လို့ဆိုပါ တယ်။

အခုဘဏ္ဍာနှစ်မှာ ပြည်ပကိုရေထွက်ကုန်တင်ပို့မှုကနေရေထွက်ကုန်တန်ချိန် ၅ သိန်း ၃ သောင်းကျော်၊ ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၇၅၀ ကျော် ရရှိရန်မျှော်မှန်းထားပါတယ်။မြန်မာနိုင်ငံကနေ ငါး၊ ပုစွန်၊ ကဏန်းနဲ့ အခြားရေထွက်ကုန်ပစ္စည်းတွေကို ဂျပန်၊ တရုတ်၊ ထိုင်းနဲ့ဥရောပနိုင်ငံတွေအပါအဝင် အခြားနိုင်ငံပေါင်း ၄၀ ကို တင်ပို့နေတာဖြစ်ပါတယ်။

**Source:** https://onenewstvchannel.com/

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## နဂါးမောက်သီး စိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရရှိ



မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်အတွင်းရှိ ကျေးရွာများသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ ဥယျာဉ်ခြံမြေများတွင် နဂါးမောက်သီးကို စိုက်ပျိုးကြကြောင်း သိရသည်။

နဂါးမောက်သီးနှံကိုအစိုဓာတ်ကောင်းမွန်သော မိုးရာသီတွင် စိုက်ပျိုးကြသည်။ မျိုးအနေဖြင့် နဂါးမောက် ကိုင်းကူးပင်များကို ဝယ်ယူစိုက်ပျိုးပြီး ၆ လခန့်အကြာတွင် အသီးများစတင်သီးကြောင်း၊ နဂါးမောက်ကိုင်းကူးပင်များကို ပင်ခြား ၇ ပေ၊ တန်းခြား ၈ ပေအကွာဖြင့်စိုက်ပျိုးကြပြီးတစ်ဧကလျှင်နဂါးမောက်အပင်ရေ ၂၀၀ မှ ၂၅၀ခန့် ဝင်ဆံ့စိုက်ပျိုးရကြောင်း ၊ စိုက်ကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေ ကျပ် ၂၅ သိန်းကျပ်ခန့်ကုန်ကျပြီး တစ်ဧကလျှင် နဂါးမောက်သီး ၁၄,၀၀၀ လုံးခန့်ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ကျောက်ဆည်မြို့ ပေါ်ရှိ သစ်သီးဆိုင်များသို့ တင်ပို့ရောင်းချကြပြီး၊ တစ်ဧကလျှင် ငွေကျပ် ၁၇ သိန်းကျော်ခန့်အမြတ်ရရှိရာ နဂါးမောက်သီးသည် နှစ်ရှည်သီးနှံတစ်မျိုးဖြစ်ရာ နဂါးမောက်သီးနှံစိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရရှိကာ နှစ်စဉ်ဝင်ငွေရရှိကြောင်း သိရသည်။

**Source : DOCA (မန္တလေး)**

https://commerce.gov.mm/

## နမ်းနက်နှင့်စားတော်ပဲများ အရောင်းအဝယ်သွက်နေ

မန္တလေးကုန်စည်ဒိုင်၌ ဇူလိုင်လတတိယပတ်တွင် ပဲမျိုးစုံအရောင်းအဝယ်ပုံမှန်ရှိနေကြောင်း၊ နှမ်းမျိုးစုံအနက်မှ နှမ်းနက်မှာ လှောင်လက်မှာမှ ဝယ်လိုအားများနေခြင်း၊စားတော်ပဲမှာပြည်တွင်းစားသုံးမှုလိုအပ်ချက်အရ ဝယ်လိုအားများနေခြင်းကြောင့် အရောင်းအဝယ်သွက်ကာ ဈေးမြင့်လာကြောင်း သိရသည်။

နှမ်းနက်(စမုန်)၄၅ ပိဿာဝင်သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ်ကျပ် ၇၇၀,၀၀၀မှ ၈၇၀,၀၀၀၊ ယခင်တစ်ပတ် ကျပ် ၇၃၀,၀၀၀မှ ၈၂၀,၀၀၀၊ ယခင်လ ကျပ် ၇၃၀,၀၀၀ မှ ၇၈၀,၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၄၀၀၀၀မှ ၅၀၀၀၀၊ ယခင်လထက် ကျပ် ၄၀၀၀၀ မှ ၉၀၀၀၀ခန့်ဈေးမြင့်လာ သည်။

နှမ်းဖြူ(ဂျပန်) ၄၅ ပိဿာဝင်သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၃၆၅,၀၀၀မှ ၃၈၀,၀၀၀၊ ယခင်တစ်ပတ်ကျပ် ၃၇၀,၀၀၀မှ ၃၈၅,၀၀၀၊ ယခင်လ ကျပ် ၃၉၀,၀၀၀မှ ၄၀၀,၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ၅၀၀၀ကျပ်ဈေးမြင့်လာပြီး၊ ယခင်လထက် ကျပ်၂၀,၀၀၀မှ ၂၅,၀၀၀ခန့် ဈေးနိမ့်လာသည်။

နှမ်းညို ၄၅ ပိဿာဝင်သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၂၉၀,၀၀၀မှ ၂၉၅,၀၀၀၊ ယခင်တစ်ပတ် ကျပ် ၂၈၀,၀၀၀မှ ၂၈၅,၀၀၀၊ ယခင်လ ၃၃၀,၀၀၀ ကျပ် ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၁၀,၀၀၀ ဈေးမြင့်လာပြီး၊ ယခင်လထက် ကျပ် ၃၅,၀၀၀မှ ၄၀,၀၀၀ ခန့်ဈေးနိမ့်လာသည်။

ပန်းနှမ်း ၄၅ ပိဿာဝင်သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၃၁၅,၀၀၀မှ ၃၂၀,၀၀၀၊ ယခင်တစ်ပတ် ၃၀၀,၀၀၀ ကျပ်၊ ယခင်လ ၂၉၀,၀၀၀ကျပ် ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၁၅,၀၀၀မှ ၂၀,၀၀၀၊ ယခင်လထက် ကျပ် ၂၅,၀၀၀မှ ၃၀,၀၀၀ ခန့် ဈေးမြင့်လာသည်။

စားတော်ပဲ(ကနေဒါ) ၅၉ ဒသမ၂၅ပိသာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ၅၀၀,၀၀၀ကျပ်၊ ယခင်တစ်ပတ် ၄၄၅,၀၀၀ကျပ်၊ ယခင်လ ကျပ် ၃၉၀,၀၀၀မှ ၃၉၅,၀၀၀ဖြစ်သည်။ ယခင်တစ်ပတ်ထက် ၅၀၀၀၀ကျပ်၊ ယခင်လထက် ကျပ် ၁၀၅,၀၀၀ မှ ၁၁၀,၀၀၀ ခန့်ဈေးမြင့်လာသည်။

စားတော်ပဲ(ကျွန်း) ၅၉ ဒသမ ၂၅ပိသာဝင်သုံးတင်းတစ်အိတ်လျှင်ယခုတစ်ပတ်ကျပ် ၅၈၀,၀၀၀မှ ၆၀၀,၀၀၀၊ ယခင်တစ်ပတ်ကျပ် ၅၃၀,၀၀၀မှ ၅၅၀,၀၀၀၊ယခင်လ ကျပ် ၄၇၀,၀၀၀မှ ၅၁၀,၀၀၀ဖြစ်သည်။ယခင်တစ်ပတ်ထက် ၅၀၀၀၀ ကျပ်၊ ယခင်လထက် ကျပ် ၉၀,၀၀၀ မှ ၁၁၀,၀၀၀ ခန့်ဈေးမြင့်လာသည်။

**Source :**https://myantrade.gov.mm/

## ရုံးပတီသီးစိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရရှိ



ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ အုတ်ဖိုမြို့နယ်အတွင်းရှိ ကျေးရွာများသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိကြောင်း၊ စိုက်ပျိုးရန်လွယ်ကူသော ရုံးပတီသီးကို မိသားစုအပိုဝင်ငွေရရှိရန်အတွက် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရာမှ စီးပွားဖြစ်စိုက်ပျိုးလာကြ ကြောင်း သိရသည်။

ရုံးပတီသီးနှံကို ရာသီမရွေးစိုက်ပျိုးနိုင်၍ စိုက်ပျိုးပြီး ၂ လခန့်အကြာတွင် စတင်ခူးဆွတ်ရ ကြောင်း၊ မျိုးအနေဖြင့် ပင်ပုမျိုး၊ ပင်လတ်မျိုး၊ ပင်မြင့်မျိုးများ ဖြစ်ပြီး ပင်လတ်ရုံးပတီမျိုးများကို အများ ဆုံးစိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးမှုအနေဖြင့် တန်းခြား ၂ ပေ၊ ပင်ခြား ၁ ပေခွဲထား၍ ဘောင်ခတ်စနစ် ဖြင့် စိုက်ပျိုးရပြီး ကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ မြေပြုပြင်ခ၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ၁,၂၂၂,၀၀၀ ခန့် ကုန်ကျကြောင်း၊ ရုံးပတီသီးကို တစ်ရက်ခြားတစ်ကြိမ် ခူးဆွတ်ရပြီး တစ်ဧကလျှင် စုစုပေါင်း ရုံးပတီသီးအတောင့်ရေ ၁၂၈,၀၀၀ တောင့်ခန့် ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ကုန်စိမ်းပွဲစားများမှ စိုက်ခင်းသို့ လာရောက် ဝယ်ယူသည့်အပြင် ပဲခူးမြို့သို့လည်း တင်ပို့ရောင်းချကြကြောင်း၊ အကျိုးအမြတ်အနေဖြင့် တစ်ဧကလျှင် ငွေကျပ် ၁၈ သိန်း ကျော် ခန့်ရရှိ ကြောင်း၊ ယခုနှစ်တွင် ရေကြီးနစ်မြုပ်မှုများကြောင့် အထွက်နှုန်းများလျော့နည်းခဲ့ကြောင်း၊ ရုံးပတီသီးသည် စိုက်ပျိုးရ လွယ်ကူပြီး အကျိုးအမြတ်ရရှိသောကြောင့် တောင်သူများအနေဖြင့် မိသားစုအပိုဝင်ငွေရရှိကြောင်း သိရသည်။

**Source :DOCA (ပဲခူး)**

https://commerce.gov.mm/

## မကွေးတွင် ဆန်အရောင်းအဝယ်ပါးပြီး ဈေးကျနေ




မကွေးမြို့ဆန်ဈေးကွက်မှာ အရောင်းအဝယ်ပါးပြီး ဈေးကျနေတယ်လို့ ဆန်ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူတွေဆီက သိရပါတယ်။

လက်ရှိဆန်ဈေးကွက်မှာ ဖန်သီးသုခ၊ ရက် ၉၀ ၊ မနောသုခ အမျိုးအစားတွေကတော့ အသစ်၊ အဟောင်းပေါ် မူတည်ပြီး တစ်အိတ်ကို ကျပ်ခုနစ်သောင်းငါးထောင်ဝန်းကျင်ကနေ ကျပ်ကိုးသောင်းနှစ်ထောင် ဝန်းကျင်ဈေးရှိနေပြီး ဧရာပဒေသာကတော့ ကျပ်ရှစ်သောင်းကိုးထောင်၊ ပေါ်ဆန်းကတော့ ၁၀၉,၀၀၀ ကျပ်ကနေ ၁၂၅,၀၀၀ ကျပ်ဝန်းကျင်ဈေးနဲ့ရောင်းချနေကြတာဖြစ်တယ်လို့ သိရပါတယ်။

ပြီးခဲ့တဲ့လတွေက ရက် ၉၀ ဆန်၊ မနောသုခစတဲ့ ဆန်အမျိုးအစားတွေက အသစ်နဲ့အဟောင်းပေါ်မူတည်ပြီး တစ်အိတ်ကို အနိမ့်ဆုံးကျပ်ရှစ်သောင်းကျော်ကနေ အမြင့်ဆုံး ကျပ်တစ်သိန်းကျော် ရှိခဲ့တာဖြစ်ပြီး ဧရာပဒေသာကတော့ တစ်အိတ်ကို ကိုးသောင်းကျော်ကနေ အမြင့်ဆုံး တစ်သိန်းလေးသောင်းဝန်းကျင် ရှိခဲ့တယ်လို့ သိရပါတယ်။

ဒါပေမဲ့ ပေါ်ဆန်းဆန်အမျိုးအစားတွေကတော့ဈေးနှုန်းကျဆင်းတာမရှိဘူးလို့ဆိုပါတယ်။ လက်ရှိမှာ ဆန်တစ်အိတ်ကို ကျပ်ရှစ်ထောင်ကျော် တစ်သောင်းဝန်းကျင်ဈေးကျနေပြီးသတ်မှတ်ရည်ညွှန်းဈေးတွေနဲ့ ကိုက်ညီအောင်ရောင်းချနိုင်ဖို့ လုပ်ဆောင်ကြရတာဖြစ်တဲ့အတွက် ဆန်အရည်အသွေးကတော့ ကျဆင်းသွားတယ်လို့ ဆန်ရောင်းဝယ်ရေးလုပ်ကိုင်သူတစ်ဦးက ပြောပါတယ်။

မကွေးမြို့ဒေသခံတွေ စားသုံးမှုများတဲ့ ဆန်အမျိုးအစားတွေကတော့ ဖန်သီးသုခ၊ ရက်၉၀၊ မနောသုခ၊ ဧရာပဒေသာ ၊ ပေါ်ဆန်းစတဲ့ဆန်တွေဖြစ်တယ်လို့ သိရပါတယ်။

**Source:** https://onenewstvchannel.com/

## ရုရှားတွင် အလုပ်လက်မဲ့နှုန်းသည် ၂ ဒသမ ၃ ရာခိုင်နှုန်းဖြင့် တည်ငြိမ်လျက်ရှိ

ရုရှားနိုင်ငံတွင် အလုပ်လက်မဲ့နှုန်းသည် ၂၀၂၄ ခုနှစ် အောက်တိုဘာလမှစတင်၍ နိုင်ငံတစ်ခုလုံးတွင် တည်ငြိမ်လျက်ရှိပြီး ခန့်မှန်း ၂ ဒသမ၃ ရာခိုင်နှုန်းရှိကြောင်း ရုရှားသမ္မတဗလာဒီမာပူတင်က ပြောကြားခဲ့သည်။

အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့အစည်း(ILO)၏နည်းစနစ်နှင့်အညီ ၂၀၂၅ ခုနှစ်၊ ဧပြီလတွင် အသက် ၁၅ နှစ်နှင့်အထက် လူဦးရေပေါင်း ၁ ဒသမ ၇ သန်းကို အလုပ်လက်မဲ့အဖြစ် သတ်မှတ်ထားကြောင်း၊ အဆိုပါလူဦးရေအတွက် အလုပ်လက်မဲ့နှုန်းသည် ၂ ဒသမ၃ ရာခိုင်နှုန်းဖြစ်ကြောင်း ရုရှားဖက်ဒရယ်စာရင်းအင်းဝန်ဆောင်မှုဌာန (Rosstat)၏ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အလုပ်လက်မဲ့လူဦးရေပေါင်း ၁ ဒသမ၇ သန်းတွင် ၁ သန်းခန့်သည် မြို့ပြနေထိုင်သူများဖြစ်ပြီး သုည ဒသမ ၇ သန်းခန့်သည် ကျေးလက်နေသူများဖြစ်သည်။ ယင်းတို့အနက် အသက် ၂၅ နှစ်အောက်လူငယ်များ၏ အလုပ်လက်မဲ့နှုန်းသည် ၁၈ ဒသမ၁ ရာခိုင် နှုန်းရှိပြီး အသက် ၅၀ နှစ်နှင့်အထက် အလုပ်လက်မဲ့နှုန်းသည်၂၂ဒသမ ၅ ရာခိုင်နှုန်းရှိကာ လုပ်ငန်းအတွေ့အကြုံမရှိသူများမှာ ၂၅ ဒသမ ၉ ရာခိုင်နှုန်းဖြစ်သည်။

အသက် ၁၅ နှစ်နှင့်အထက် အလုပ် လက်မဲ့များထဲတွင် အမျိုးသမီးအချိုးအစားမှာ ၅၃ ရာခိုင်နှုန်းရှိသည်။

ရုရှားနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်သမားများလိုအပ်နေပြီး လုပ်သားရှားပါးမှုသည် နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကအတားအဆီးတစ်ခုဖြစ်နေကြောင်း ရုရှားသမ္မတဗလာဒီမာပူတင်က အစောပိုင်းတွင် ပြောကြားခဲ့သည်။

လက်ရှိတွင် ရုရှားနိုင်ငံ၌ အလုပ်လက်မဲ့နှုန်းသည် အနိမ့်ဆုံးသို့ရောက်ရှိနေပြီး ကုန်ထုတ်လုပ်မှုကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ စက်ရုံလုပ်ငန်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းများတွင် လုပ်သားအင်အားမလုံလောက်မှုကို ကြုံတွေ့နေရသဖြင့် အဆိုပါ လုပ်ငန်းများတွင်လိုအပ်သောအလုပ်သမားများဖြည့်ဆည်းပေးနိုင်ရေးမြန်မာနိုင်ငံအပါအဝင်အရှေ့တောင်အာရှနိုင်ငံများနှင့် ဖော်ရွေသော နိုင်ငံများမှရုရှားနိုင်ငံသို့ခေါ်ယူခန့်အပ်နိုင်ရန်ရုရှားအလုပ်သမားအေဂျင်စီများမှတစ်ဆင့် ဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

**Source : https://tass.com/economy/1982427**

**(ခွန်မျိုးသူ၊ စီးပွားရေးသံမှူး၊ မော်စကိုမြို့)**

https://myantrade.gov.mm/

## ၂၀၂၅ ခုနှစ်၏ ပထမ ၆ လအတွင်း တရုတ်ဗီယက်နမ်-ကုန်တင်ရထားပို့ဆောင်မှု သုံးဆနီးပါးမြင့်တက်လာ

တရုတ်နိုင်ငံတောင်ပိုင်း ကွမ်ရှီးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ)Guangxi Zhuang Autonomous Region)မှ ဗီယက်နမ်နိုင်ငံသို့ထွက်ခွာသော ကုန်တင်ရထားများ သည် ၂၀၂၅ ခုနှစ် ပထမ ၆ လအတွင်း ကုန်ပစ္စည်း ၁၈,၈၇၀ TEU ကိုပို့ဆောင်နိုင်ခဲ့ပြီး ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ၂၈၃ ရာခိုင်နှုန်းမြင့်တက်လာကြောင်း China Railway Nanning Group က ထုတ်ပြန်ခဲ့သည်။

China Railway Nanning Group ၏ နန်နင်းရထားပို့ဆောင်ဆက်သွယ်ရေးစင်တာ )Nanning Railway Logistics Center)မှထုတ်ပြန်ချက်များအရ ယခုကာလအတွင်း ကွမ်ရှီးမှ ဗီယက်နမ်သို့ ပို့ဆောင်သော ကားအစိတ်အပိုင်းများ)Auto parts) နှင့်ဖိုင်ဘာဘုတ်များ)fiberboard)၏ ပမာဏသည် ကုန်သေတ္တာ ၂၅၂၈ TEU နှင့် ၄၅၈၀ TEU အသီးသီးရှိခဲ့ပြီး ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ၁၀၀ ရာခိုင်နှုန်း နှင့် ၃၉၈ ရာခိုင်နှုန်းစသည်ဖြင့် မြင့်တက်လာခဲ့ကြောင်း သိရှိရသည်။

ထူးခြားသောဆောင်ရွက်မှုတစ်ခုအနေဖြင့် တရုတ်နိုင်ငံအရှေ့ပိုင်းရှိ ကျန်စူး )Jiangsu)ပြည်နယ်နှင့် တောင်ပိုင်းရှိ ကွမ်တုံ )Guangdong) ပြည်နယ်တို့မှ မော်တော်ကားများနှင့် မော်တော်ဆိုင်ကယ်အစိတ်အပိုင်းများကို ပြည်တွင်းရထားများဖြင့် နန်နင်းအပြည်ပြည်ဆိုင်ရာရထားဘူတာရုံသို့ သယ်ယူခဲ့ကြပြီးနောက် တရုတ် နမ်အပြည်ပြည်ဆိုင်ရာဗီယက်-ကုန်တင်ရထားများဖြင့် ဗီယက်နမ်နိုင်ငံသို့ ဆက် လက်ပို့ဆောင်ခြင်းဖြင့် ပို့ဆောင်ရေးကဏ္ဍ၏ ကြီးမားသော အောင်မြင်မှုအသစ်ကို ဖြစ်ပေါ်စေခဲ့သည်။

၂၀၂၅ ခုနှစ်တွင် တရုတ်ဗီယက်နမ်ကုန-တ်င်ရထားများ၏ ပုံမှန်ခရီးစဉ်အရေအတွက်ကို တစ်ပတ်လျှင် ၅ ကြိမ်မှ ၁၄ ကြိမ်အထိတိုးမြှင့်ခဲ့ပြီး တရုတ်နိုင်ငံ၏ကုန်ပစ္စည်းတင်ပို့မှုအတွက်ပိုမိုများပြားသော သယ်ယူပို့ဆောင်ရေးရွေးချယ်စရာများအဖြစ် ပံ့ပိုးပေးနိုင်ခဲ့သည်။

လက်ရှိအချိန်တွင် ကွမ်ရှီးဒေသ၏မြို့တော်ဖြစ်သော နန်နင်းမြို့မှ ဗီယက်နမ်နိုင်ငံရှိ ရန်ဗီယင်မြို့)Yen Vien)သို့ ကုန်တင်ရထားဖြင့် အမြန်ဆုံးပို့ဆောင်နိုင်သည့် ကြာချိန်အနေဖြင့် ၁၄ နာရီသာကြာမြင့်မည်ဖြစ်သည်။

လက်ရှိအချိန်အထိ ကွမ်ရှီးဒေသမမှထွက်ခွာသော တရုတ်ဗီယက်နမ-ကုန်တင်ရထားများသည် ကုန်ပစ္စည်းအမျိုးအစားပေါင်း ၃၈၀ ကျော်ကို သယ်ယူပို့ဆောင်ပေးလျက်ရှိပြီး ကျန်စူး)Jiangsu)ပြည်နယ်၊ ကွမ်တုံ)Guangdong)ပြည်နယ်နှင့် တရုတ်နိုင်ငံမြောက်ပိုင်းရှိ ဟေးဘေ(Hebei)ပြည်နယ်တို့အပါအဝင် တရုတ်နိုင်ငံ၏ပြည်နယ်ပေါင်း ၂၅ ခုမှ ကုန်စည်များကို သယ်ယူပို့ဆောင်ပေးလျက်ရှိသည်။

တရုတ်နိုင်ငံ၏ နယ်စပ်ဖြတ်ကျော်ကုန်တင်ရထားလမ်းကြောင်းများသည် ယခုအခါ ဗီယက်နမ်၊ လာအိုနှင့် ထိုင်းနိုင်ငံများအပါအဝင် အရှေ့တောင်အာရှနိုင်ငံများစွာသို့ ကျယ်ပြန့်စွာဖြန့်ကျက်လျက်ရှိပြီး တရုတ်အာဆီယံစီးပွားရေးနှင့်-ကုန်သွယ်ရေးဆက်သွယ်မှုများအတွက် )"အမြန်လမ်း"fast track) တစ်ခုအဖြစ် ပံပိုးပေးလျက်ရှိကြောင်း သိရသည်။

Source: https://en.people.cn/n3/2025/0711/c90000-20338875.html

**လျှန်ရှန်းမုန်၊ စီးပွားရေးသံမှူး၊ ကူမင်းမြို့**

https://myantrade.gov.mm/

## တရုတ်နိုင်ငံဈေးကွက်သို့ ကမ္ဘောဒီးယားဒူးရင်းသီးများ တင်သွင်းခွင့်ရရှိ

ကမ္ဘောဒီးယား၏ လတ်ဆတ်သောဒူးရင်းသီးသည် တရုတ်ဈေးကွက်သို့တင်ပို့ခွင့်ရရှိသည့် ပဉ္စမမြောက်သစ်သီးဖြစ်ကြောင်း ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးဝမ်ဝမ်ဘင်)Wang Wenbin)က ဇူလိုင်လ ၆ရက်နေ့တွင် ပြောကြားခဲ့သည်။ ၂၀၂၅-၇-

၄င်း၏လူမှုကွန်ရက်စာမျက်နှာတွင် မကြာသေးမီက တရုတ်နိုင်ငံအကောက်ခွန်အထွေထွေအုပ်ချုပ်ရေးအဖွဲ့)General Administration of Customs of China -GACC)သည် ကမ္ဘောဒီးယားနိုင်ငံမှတရုတ်နိုင်ငံသို့တင်ပို့မည့် သစ်သီးများအတွက် မှတ်ပုံတင်ထားသော သစ်သီးခြံများစာရင်းနှင့် သစ်သီးထုပ်ပိုးသည့်စက်ရုံများစာရင်းကိုအသစ်ပြင်ဆင်ခဲ့ကြောင်း ဖော်ပြခဲ့သည်။

အဆိုပါစာရင်းတွင် ကမ္ဘောဒီးယားနိုင်ငံမှ တရုတ်နိုင်ငံသို့တင်ပို့မည့် လတ်ဆတ်သောဒူးရင်းသီးများအတွက် မှတ်ပုံတင်ထားသည့် သစ်သီးခြံများနှင့်စက်ရုံများစာရင်းကိုထည့်သွင်းဖော်ပြထားသဖြင့် ယင်းသည်ကမ္ဘောဒီးယားဒူးရင်းသီးများ၏ တရုတ်ဈေးကွက်သို့ တင်ပို့ရန်လိုအပ်သော လုပ်ငန်းစဉ်များ အားလုံးပြီးမြောက်ပြီးဖြစ်သည်ဟု ညွှန်ပြနေကြောင်း ၎င်းက ပြောကြားခဲ့သည်။

ဒူးရင်းသီးသည် ၂၀၂၅ ခုနှစ်အတွင်း တရုတ်နိုင်ငံသို့တင်ပို့ခွင့်ရရှိသည့် ကမ္ဘောဒီးယား၏ပထမဆုံးအရည်အသွေးမြင့် စိုက်ပျိုးရေးထွက်ကုန်ဖြစ်ပြီး တရုတ်ကမ္ဘော-ဒီးယား လက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်မှု၏ နောက်ထပ်အောင်မြင်မှုတစ်ခုလည်းဖြစ်ကြောင်း သိရသည်။

ယခုအချိန်အထိ ကမ္ဘောဒီးယားမှ တရုတ်နိုင်ငံသို့တင်ပို့နိုင်သည့် သစ်သီး ၅ မျိုးရှိပြီး ၎င်းတို့မှာ ငှက်ပျောသီး၊ သရက်သီး၊ နှင်းသီး )(longans)၊ အုန်းသီးနှင့်ဒူးရင်းသီးတို့ဖြစ်ကြသည်။

**Source: https://en.people.cn/n3/2025/0709/c90000-20337954.html**

**(လျှန်ရှန်းမုန်၊ စီးပွားရေးသံမှူး၊ ကူမင်းမြို့)**

https://myantrade.gov.mm/

## STOCK EXCHANGE (18.7.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 17th Jul. 2025

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 5,450 (Shares) | 15,336,050 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,100 | +0 | +0.00% | 7,100 | 7,100 | 7,100 | 73 | 518,300 | 33,109,694 | 235,079 |
| MTSH | 00002 | 3,250 | +0 | +0.00% | 3,250 | 3,250 | 3,250 | 2,054 | 6,675,500 | 38,929,150 | 126,520 |
| MCB | 00003 | 7,400 | +100 | +1.37% | 7,300 | 7,400 | 7,300 | 96 | 710,300 | 10,400,986 | 76,967 |
| FPB | 00004 | 2,000 | +0 | +0.00% | 2,000 | 2,000 | 2,000 | 77 | 154,000 | 29,664,613 | 59,329 |
| TMH | 00005 | 2,600 | +0 | +0.00% | 2,550 | 2,650 | 2,550 | 1,915 | 4,952,350 | 12,823,224 | 33,340 |
| EFR | 00006 | 1,700 | +0 | +0.00% | 1,650 | 1,700 | 1,600 | 1,064 | 1,753,400 | 19,977,223 | 33,961 |
| AMATA | 00007 | 3,700 | +0 | +0.00% | 3,700 | 3,700 | 3,700 | 21 | 77,700 | 10,497,598 | 38,841 |
| MAEX | 00008 | 3,300 | +50 | +1.54% | 3,200 | 3,300 | 3,200 | 150 | 494,500 | 23,804,946 | 78,556 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


### Market summary

As of 17th Jul. 2025

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 361.89 | +1.18 | +0.33% | 359.21 | 361.89 | 359.21 | 5,450 | 15,336,050 | 8 | 682,593 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

## Main Board

As of 12:00 pm, 18th Jul, 2025

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,309 (Shares) | 8,827,050 (MMK) |

| MYANPIX | 363.45 ▲ 1.56 |
|---|---|
| Total Volume (shares) | 2,309 |
| Total Value (MMK) | 9 mil |
| Listed Company | 8 |
| Market Cap. (MMK) | 685,529 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,100 | ▲ 0 |
| MTSH | 00002 | 3,350 | ▲ 100 |
| MCB | 00003 | 7,500 | ▲ 100 |
| FPB | 00004 | 2,000 | ▲ 0 |
| TMH | 00005 | 2,600 | ▲ 0 |
| EFR | 00006 | 1,600 | ▼ 100 |
| AMATA | 00007 | 3,700 | ▲ 0 |
| MAEX | 00008 | 3,300 | ▲ 0 |

TIR